# နှစ်ကူး အဓိဋ္ဌာန် - အကြောင်းနှင့်အကျိုး

ခုနှစ်သက္ကရာဇ် အသစ်တခုသို့ မကြာခင် ရက်ပိုင်းအတွင်း ပြောင်းတော့မည်။ နှစ်ကူးချိန်တိုင်း လူသားတို့က ရုပ်ပိုင်းဆိုင်ရာအားဖြင့် နှစ်သစ်ကူး အခမ်းအနား၊ ပွဲတော်၊ အပန်းဖြေခရီး၊ ပြင်ဆင်ပြောင်းလဲမှု တခုခု အစရှိသဖြင့် ပြုလုပ်ကြသည်။ အနည်းဆုံး "Happy New Year" ၊ "နှစ်သစ်မှာ ရွှင်လန်း ချမ်းမြေ့ပါစေ" စသဖြင့် ဆုမွန်ကောင်းများ တောင်းပေးလိုက်ကြသည်။ စိတ်ပိုင်းဆိုင်ရာအားဖြင့်လည်း New Year Resolutions ဆိုသည့် နှစ်ကူးအဓိဋ္ဌာန်များ ချမှတ်ကာ လာမည့်တနှစ်အတွင်း စိတ်သစ်လူသစ်ဖြင့် ဘာတွေကိုတော့ ဖြစ်အောင် လုပ်လိုက်မည် စသဖြင့် ကိုယ့်အတိုင်းအတာနှင့်ကိုယ် စနစ်တကျ ကြိုတင် ပြင်ဆင်ကာ အားမွေးကြသည်။ နေ့စဉ် မှတ်တမ်း ဒိုင်ယာရီရေးရန် ပြင်ဆင်သူတို့ကလည်း စိတ်ကြိုက်ဒိုင်ယာရီ စာအုပ်များဝယ်လျက် အားခဲထားကြလေပြီ။ ယင်းတို့တွင် မကောင်းတာ တခုမှမပါ။ မိမိ၏ပုဂ္ဂိုလ်ရေးရာ၊ မိမိဘဝ၊ မိမိ ပတ်ဝန်းကျင်-လူမျိုး-နိုင်ငံ-သာသနာ အတွက် ကောင်းဖို့တခုခုကို ရည်ရွယ် လုပ်ဆောင်သည်များ ဖြစ်၍ ပရဟိတ အကျိုးပြုလုပ်ငန်းများဟု လုံးလုံး မဆိုသာသည့်တိုင်အောင် ပရဟိတသို့ တချိန်ချိန် ဦးတည်လာမည့် "အတ္တကောင်း" များဖြစ်၍ အားပေးထိုက်သည်။

ယခုတကြိမ်တွင် ခုနှစ်သက္ကရာဇ်မှာ ၂၀၀၉ မှသည် ၂၀၁၀ သို့ ပြောင်းမည် ဖြစ်သည်။ ခုနှစ် ဂဏန်း ပြောင်းလဲသွားခြင်းဖြင့် အတိတ် နိမိတ်အားဖြင့် ထူးခြားမှု ရှိသယောင်ယောင်၊ ကံကောင်းကံဆိုး ဖြစ်လာတော့ မယောင်ယောင် မတွေးစေလိုပါ။ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀ အစရှိသော ခုနှစ်သက္ကရာဇ်ကို အခြေခံ၍ တွက်ချက်သော ဂဏန်းဗေဒင်တို့က တိကျမှန်ကန်သော အနာဂတ်ဟောကိန်းကို တွက်ချက်ပေးနိုင်သလား ဆိုသည့်အချက်ကို ဆင်ခြင်ထားအပ်သည်။

အမှန်စင်စစ် ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀ အစရှိသော ခုနှစ်သက္ကရာဇ်တို့မှာ ယေရှုခရစ် (Jesus Christ) မွေးဖွားခြင်းနှစ်မှ စတင်၍ တနေ့တာ နေဝင်နေထွက် တကြိမ်စီရှိသည့် ရက်ပေါင်း ၃၆၅ ရက်ကိုစုပြီး တနှစ်ဟု သတ်မှတ်ကာ ထိုတနှစ်ကို ဂဏန်းအားဖြင့် အစဉ်လိုက် စနစ်တကျ အမှတ်အသား ပြုထားခြင်း ဖြစ်သည်။ သို့မဟုတ်ပါက မင်းတုန်းမင်း နန်းတက်သောနှစ်၊ ဗိုလ်ချုပ်အောင်ဆန်းကို မွေးဖွားသောနှစ် အစရှိသဖြင့် မှတ်နေရ ပေလိမ့်မည်။ ထို့ထက်ပိုဆိုးသွားနိုင်သည်မှာ နောက်တနှစ်အတွက် နာမည် ကြိုတင် ပေးမထားနိုင်သည့် ပြဿနာ ဖြစ်သည်။

သို့ဖြစ်ရာ ခုနှစ်များအား ဂဏန်းဖြင့် အစဉ်လိုက် မှတ်သားထားခြင်းကို လူအားလုံးက လက်ခံ ကြသည်။ သို့သော် နိုင်ငံနှင့် ဒေသအတော်များများတွင် သူတို့လက်ခံသတ်မှတ်သည့် တာထွက်ဂဏန်းများ ကိုယ်စီ ရှိကြသည်။ ဥပမာ ယခုဆိုလျှင် မြန်မာ (ကောဇာ) သက္ကရာဇ်မှာ ၁၃၇၁ ခုနှစ်ဖြစ်၍ ကရင်လူမျိုးတို့၏ သက္ကရာဇ်က ၂၇၄၉ ဖြစ်ကာ ရှမ်းက ၂၁၀၃ ဖြစ်သည်။ ဂျပန်က ဟေးဆေး (Heisei) ၂၁ ဖြစ်သည်။

တကမ္ဘာလုံး၏ စံသတ်မှတ်ချက်ဖြစ်သော ခရစ်နှစ် သက္ကရာဇ်ကို ၁၅၈၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် ပုပ်ရဟန်းမင်းကြီး ဂရီဂိုရီ (၈) က စတင်ပြဋ္ဌာန်းခြင်း ဖြစ်သည်။ သူ့အားအစွဲပြု၍ ထိုပြက္ခဒိန်ကို Gregorian calendar ဟုလည်း ခေါ်ကြသည်။ နိုင်ငံတကာက အသိအမှတ်ပြုသည်။ အဆိုပါပြက္ခဒိန်အရ ခရစ်တော် ဖွားမြင် တော်မမူမီ သက္ကရာဇ်များမှာ ဘီစီ (BC - Before Christ) ဖြစ်သည်။ ခရစ်တော် မွေးဖွားပြီးနောက် သက္ကရာဇ်များကို အေဒီ (AD-*Anno Domine*) ဖြင့် ဖော်ပြသည်။ ယခုကုန်ဆုံးတော့မည့် သက္ကရာဇ် ၂၀၀၉ မှာ အေဒီ ၂၀၀၉ ဖြစ်သည်။ ဘီစီ (BC - Before Christ) မှာ အင်္ဂလိပ်စကားဖြစ်ပြီး အေဒီ (AD- *Anno Domine*) မှာ အလယ်ခေတ် လက်တင်စကား ဖြစ်သည်။

ဘီစီနှင့် ပတ်သက်၍ ဥပမာပေးရလျှင် ဆိုက်ပရပ်က ဘေဘီလုံးနီးယားကို တိုက်ခိုက်သောနှစ်မှာ ဘီစီ ၅၄၀ ဟု ဖော်ပြထားရာ ယင်းတွင် အဆိုပါတိုက်ခိုက်မှုသည် ခရစ်တော် မမွေးဖွားမီ နှစ်ပေါင်း ၅၄၀ က ဖြစ်ပျက်ခဲ့သည်ဟု အဓိပ္ပာယ်ရသည်။ တဖန် ဂေါတမဗုဒ္ဓ ဖွားမြင်သည့် ခုနှစ်ကို ခန့်မှန်းခြေ ဘီစီ ၅၆၃ (c. 563 BC or c. 563 BCE) ဟု ဖော်ပြကြရာ ယင်းမှာ ယေရှုခရစ်တော် မဖွားမြင်မီ ခန့်မှန်းခြေအားဖြင့် နှစ်ပေါင်း ၅၆၃ နှစ် စော၍

ဂေါတမဗုဒ္ဓ ဖွားမြင်တော်မူသည်ဟု အဓိပ္ပာယ်ထွက်သည်။

ဘီစီ (BC - Before Christ) မှာ အင်္ဂလိပ်စကားဖြစ်သောကြောင့် တချို့က အေဒီသည် အင်္ဂလိပ်စကား AD (After death) ဖြစ်ရမည်ဟု မှားယွင်းစွာ ယူဆကြသည်။ ထိုသို့ဆိုလျှင် ယေရှုခရစ်တော် အသက်ရှင်စဉ်ဘဝဖြစ်သော ၃၇ နှစ် (သို့မဟုတ်) ထိုကာလဝန်းကျင်သည် ဘီစီထဲလည်း မရောက်၊ အေဒီထဲလည်း မပါဝင်ပဲ ဖြစ်နေပေလိမ့်မည်။ ထိုအခါ တိကျသည့် ခုနှစ်သက္ကရာဇ်များ ဖြစ်လာတော့မည် မဟုတ်ပေ။

လိုရင်းမှာ ခရစ်တော်မွေးဖွားသည့်ခုနှစ်မှ အစပြု၍ နှစ်ပေါင်း ၁၅၈၂ နှစ်ကြာမှ စတင်တီထွင်လာခဲ့သည့် ယနေ့ခေတ်သုံး ခရစ်နှစ်သက္ကရာဇ်မှာ အတိတ်၊ နိမိတ်အားဖြင့် မည်သို့မျှ ဖြစ်စေနိုင်မည် မဟုတ်သည်ကို သက်သေပြခြင်းသာ ဖြစ်သည်။ သို့ဖြစ်ရာ နက္ခတ္တဗေဒကို မဆိုလိုသော်လည်း “**ခရစ်သက္ကရာဇ်**” အပေါ် အခြေခံ၍ တွက်ချက်သော မည်သည့်လ၊ မည်သည့်ရက်တွင် မည်သို့ အကျိုးဖြစ်စေနိုင်သည်ဆိုသော ဟောကိန်းများ၊ ယင်းအတွက် ယတြာချေခြင်းများကို အသိဉာဏ်လွှာ၍ ဆင်ခြင်သုံးသပ်အပ်သည်။ မည်သည့်ကိစ္စမဆို အကြောင်းရင်းခံ ရှိသောကြောင့်သာ အကျိုးတရားတခု ဖြစ်ရသည်။ သူ့အလိုလို ဖြစ်ခြင်း၊ ပျက်ခြင်း မရှိနိုင်ပေ။

မြန်မာတို့ကား ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်၊ အာဏာရှင်ခေတ် အစရှိသော ခေတ်ဆိုးကြီးများကို ဖြတ်သန်းခဲ့ကြရသည်။ ယနေ့တိုင် ဖြတ်သန်းနေဆဲလည်း ဖြစ်သည်။ ပါလီမန်ဒီမိုကရေစီစနစ် ရှိခဲ့သည်ဆိုငြားလည်း ထိုခေတ်ဆိုးကြီးသုံးခေတ်၏ ကာလအတိုင်းအတာနှင့် နှိုင်းစာလျှင် မပြောပလောက်သော ၁၄ နှစ်တာမရှိတရှိကိုသာ ဖြတ်သန်းခဲ့ရဖူးသည်။ ခေတ်ဆိုးကြီးများမှ အတွေးအခေါ် အယူဝါဒတို့၏ လွှမ်းမိုးမှုအောက်ဝယ် ပြည်သူ အတော်များများမှာ ပြောသမျှယုံ၊ ပေးသမျှယူ၊ နင်းသမျှခံနေကြရဆဲ ဖြစ်သည်ကို ငြင်းနိုင်ဦးမည် မဟုတ်သေးပေ။

အကြောင်းကြောင့် အကျိုးဖြစ်ရသည်မှာလည်း ငြင်းနိုင်ဖွယ် မရှိသောကြောင့် ဒီမိုကရေစီကို လိုချင်သည့် ရည်မှန်းချက်ရှိသူတို့၌ ထိုသို့ရနိုင်စရာ အကြောင်းရင်းများကို လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်ထားနိုင်အောင် တစိုက်မတ်မတ် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြမည်ဆိုလျှင် “ဒီမိုကရေစီ ရပြီ” ဆိုသည့် အကျိုးတရားကို မုချမသွေ ခံစားရပေလိမ့်မည်။

၁-၁-၂၀၁၀ နေ့သည်ကား လာမည့်ခရစ်နှစ်သစ်အတွက် ပထမဦးဆုံး ဂဏန်းသတ်မှတ်ချက်ထားသည့်နေ့ ဖြစ်သည်။ ထိုနေ့သစ်၊ လသစ်၊ နှစ်သစ်မှစ၍ စိတ်သစ်ကိုယ်သစ်ဖြင့် မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ရရှိအောင် မည်သို့မည်ပုံ အားသွန်ခွန်စိုက် ကြိုးပမ်းလိုက်မည်ဟူသော နှစ်ကူးအဓိဋ္ဌာန်များ (New Year Resolutions) ချမှတ်ထားသင့်သည်။

ကျနော်တို့အားလုံးတွင် ဤသို့သောသန္နိဋ္ဌာန်က ခွပ်ဒေါင်းစိတ်ဓါတ်၊ ရှစ်လေးလုံးစိတ်ဓါတ် အစရှိသည့် စိတ်ဓါတ်ကောင်းများနှင့် ပေါင်းစပ်နိုင်လိုက်သောအခါ ရည်မှန်းချက် ဖြစ်မြောက်နိုင်သော လက်တွေ့မဟာဗျူဟာတရပ်ကို ရှာဖွေတွေ့ရှိလာနိုင်မည် ဖြစ်သည်။ ထိုမှတဆင့် အာဏာရှင်စနစ်ကို ဖယ်ရှားနိုင်မည့် နိုင်ငံရေးအခင်းအကျင်းတရပ်ကို ကိုယ်တိုင်ပင် ဖန်တီးယူလာနိုင်စရာ ရှိသည်။ ကြိုးစားကြပါစို့။ ပြင်းပြင်းထန်ထန်၊ မှန်မှန်ကန်ကန် ကြိုးစားသည်နှင့်အမျှ အောင်မြင်မှု ပန်းတိုင်နှင့်လည်း ပိုမို နီးကပ်လာရမည်သာ ဖြစ်သည်။

လွင်အောင်စိုး
၂၆-၁၂-၂၀၀၉
ခေတ္တ- ဂျပန်